**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )**

စာအမှတ်၊ SSE/NM/၀၀၈ / ၂၀၁၇
ရက်စွဲ၊ ၂၀၁၇ - ခုနှစ်၊ မတ်လ ( êì ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)၏ (၂၀.၂.၂၀၁၇)ရက်နေ့စွဲပါ စာအမှတ် ၂/၃/၁ (၅) / ဦး၁

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တပ်မတော်(ရေ)ဗျူဟာစစ်ရေယဉ်စု (၄)ခုမှ စစ်ရေယာဉ် အမျိုးအစားပေါင်းစုံပါဝင်သည့် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Combined Fleet Exercise) Sea Shield -2017 အား အောက်ဖော်ပြပါ Coordinates များအား ဆက်ဆွဲထားသည့် ဧရိယာ၌ (၂၂.၀၃.၂၀၁၇)ရက်နေ့မှ (၀၇.၀၄.၂၀၁၇)ရက်နေ့အထိ ကာလအတွင်း လေ့ကျင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀မိနစ်

(ခ) Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀မိနစ်

(ဂ) Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀မိနစ်

(ဃ) Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ်၊အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀မိနစ်

၂။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါဧရိယာအတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်း သွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မြင့်ဦး-ညွှန်ကြားရေးမှူး(SSE)